# ၂၃၅။ ကိုးစား၍နားထောင်သီချင်း

## Trust and obey

သုတ္တံ ၁၆း၂၈

နှုတ်ကပတ် အလင်းတွင် ယေရှုနှင့် ရှောက်သွားစဉ်၊ ငါတို့လမ်း ထွန်းလင်း
စေတော် မူသည်။ အလိုတော်ကို လိုက်လျှင် အတူရှိမည် အစဉ်၊
ကိုးစား၍ နားထောင်လျက် နေရမည်။ ကိုးစားနားထောင်၊ ခြားသော လမ်းရှာမ
တွေ့၊ ယေရှု၌ ချမ်းသာရအောင်၊ ကိုးစားနားထောင် ရလော့။

ငါတို့၏ လေးသောဝန် ဆင်းရဲဒုက္ခ ခံဖို့၊ ကိုယ်တော်၏ ကျေးဇူး
မြတ်လောက်ပေ၏။ ငါတို့ ကြောက်လန့်စေရန် စာတန် နှောင့်ယှက်ရာကို
ကိုးစား နားထောင်ခြင်းဖြင့် ပျောက်စေမည်။ ကိုးစား နားထောင်၊ ခြားသော လမ်းရှာမ
တွေ့၊ ယေရှု၌ ချမ်းသာရအောင်၊ ကိုးစားနားထောင် ရလော့။

သို့သော်လည်း ငါတို့၌ ရှိသမျှသောအရာ ကိုယ်တော် လက်၌ အပ်
ထားကြရမည်၊ ကိုယ်ကို မအပ်နှံလျှင် ဆုကျေးဇူးတော် အများ
ငါတို့ အလျင်း မခံစားနိုင်ကြ။ ကိုးစားနားထောင်၊ ခြားသော လမ်းရှာမ
တွေ့၊ ယေရှု၌ ချမ်းသာရအောင်၊ ကိုးစားနားထောင် ရလော့။

ငါတို့သည် ယေရှုနှင့် မိတ်သဟာယ ဖွဲ့လျှင် ကိုယ်တော်နှင့် အတူ
သွားလာကြမည်။ မိန့်တော်မူသည် အတိုင်း သွားလာ ဆောင်ရွက်ပါမည်၊
မကြောက်ဘဲ၊ ကိုးစားလျက် နားထောင်မည်။ ကိုးစား နားထောင်၊ ခြားသော လမ်းရှာမ
တွေ့၊ ယေရှု၌ ချမ်းသာရအောင်၊ ကိုးစားနားထောင် ရလော့။

ဆ